ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


အေးချမ်းသာကျေးရွာ၊ မင်္ဂလွန်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........ ၂
၂။မင်္ဂလွန်းအုပ်စုမြေပုံ ........ ၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........ ၄
၄။ကျေးရွာအခြေခံအချက်အလက်များ ........ ၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ........ ၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ.. ၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ........ ၂၀
၈။ ကျေးရွာကော်မတီဝင်များစာရင်း........ ၂၄
၉။ပုံစံ-၁။ကျေးရွာအချက်အလက်........ ၂၅
၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........ ၂၇
၁၁။အစည်းအဝေးမှတ်တမ်းများ ........ ၃၂
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........ ၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။မင်္ဂလွန်းကျေးရွာ အုပ်စုမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။မင်္ဂလွန်းကျေးရွာ

၂။အေးချမ်းသာကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

အေးချမ်းသာကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၈)မိုင်ခန့်အကွာတွင်တည်ရှိသည်။ အေးချမ်းသာကျေးရွာကို မူလအချိန်က ထန်းခြောက်ပင်ကျေးရွာဟု အများက ခေါ်ဝေါ်ခဲ့သည်။ ထိုသို့ အမည်ဖြစ်ပေါ်လာရခြင်းမှာ ရှေ့အခါက ပင်လယ်ကူး ခရီး သွားလာသူများ ထိုဒေသရှိ ကြီးမားသော ထန်းပင်ခြောက်ကို အစွဲပြုပြီး ခေါ်ခဲ့ခြင်း ဖြစ်သည်။ ရွာ၏အရှေ့ဘက်တွင် နရွဲချောင်ကျေးရွာ၊ အနောက်ဘက်တွင် ဖွဲကနာကျေးရွာ၊ မြောက်ပိုင်းတွင် မင်္ဂလွန်းကျေးရွာနှင့် ရွာ၏တောင်ပိုင်းတွင် မုတ္တမပင်လယ်တို့ရှိသည်။ ယခုအခါတွင် အိမ်ထောင်စု (၂၁၆) ရှိပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူများပြီး ဟိန္ဒူဘာသာဝင် အနည်းငယ်ရှိသည်။

ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းတို့ဖြင့် သွားလာနိုင်သော်လည်း အခက်အခဲများစွာ ရှိပါသည်။ ရေလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး စိုက်ပျိုးရေးကိုလည်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ လူမှုရေး၊ ဘာသာရေးတို့တွင်လည်း ရပ်သူရွာသားအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြသည်။ ပညာရေးတွင်လည်း ကိုယ်ထူကိုယ်ထကျောင်းမှ ယခုအခါ အ.လ.က(ခွဲ) အဆင့်အထိ တိုးတက်လာခဲ့သည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂၀ | ၂၇ | ၂၄ | ၅၁ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၄ | ၁၄ | ၁၁ | ၂၅ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | |
| ပဲဒီစိမ်း | ဝက် | ခြွေလှေ့စက် | |
| | ဆိတ် | စျေးဆိုင် | |
| | ဘဲ | ရေလုပ်ငန်း | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၂၀၀ ဧက | | | | ၅ | ၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | စျေးဆိုင် |
| အရေအတွက် | ၁ | ၁၅ | ၂ | ၁၀ | | ၇ |
| | | | | | | |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | | | ၂၀ | ၅၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀၀ | ၃၀ | ၂ | ၂၀ | ၅၀ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေး ရွာလူထု | ၈၆ | ၇၀ | ၁၅၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်း ပန်းဆက်သွယ်ရေးအခြေအနေလ ယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊ |
| ၂ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း၊ကျေး ရွာလူထု။ | ၈၆ | ၇၀ | ၁၅၆ | ကျေးရွာအတွင်းအရင်းအမြစ်များ အားသိရှိခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် | ၃-၂-၂၀၁၄ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၇ | ၄၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊အားလပ်ရက်များ၊ ပွဲတော်ရက်များ။ |
| ၄ | ပင့်ကူအိမ်သုံးသပ်ချက် | ၃-၂-၂၀၁၄ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၂ | ၂၇ | ၄၉ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | ဗင်းပုံစံသုံးသပ်ချက် | ၃-၂-၂၀၁၄ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာလူထု | ၂၂ | ၂၇ | ၄၉ | အဖွဲ့အစည်းများသည် ကျေးရွာအတွင်း မည်သို့ချိတ်ဆက်ဆောင်ရွက်နေသည်ကို သိရှိစေရန်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ဥစ | ၃-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၂ | ၂၇ | ၄၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

**၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

မင်္ဂလွန်းကျေးရွာအုပ်စု၊အေးချမ်းသာကျေးရွာသည် ကျောက်တန်းမြို့၏ တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု(၂၁၆)စု၊ လူဦးရေ(၇၉၉) ဦးရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ ရွာသူရွာသားအများစုမှာ မပြေလည်သူများဖြစ်ပါသည်။ ရေလုပ်ငန်းကိုသာ အားကိုးလုပ်ကိုင်ကြသည်။ အရှေ့ဘက်တွင် နရွဲချောင်ကျေးရွာ၊ မြောက်ဘက်တွင် မင်္ဂလွန်းကျေးရွာ၊ အနောက်ဘက်တွင် ဖွဲကနာကျေးရွာ တောင်ဘက်တွင် မုတ္တမပင်လယ်တို့နှင့် ထိစပ်နေသည်။ စေတီ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်တို့သည် ရွာ၏ အလယ်ပိုင်းတွင် ရှိသည်။ စက်ရေတွင်း၊ ဆန်စက်တို့သည်ရွာမြောက်ပိုင်း၊

ရွာလယ်ပိုင်းနှင့်ရွာတောင်ပိုင်းတွင် သောက်သုံးရေကန်များရှိသည်။ ရွာသူရွာသား အများစုမှာ ရွာတွင်းတွင်သာ နေထိုင်ကြသည်။ ရွာလူနည်းစုမိသားစုများသည် ရွာတွင်းနှင့် လယ်ကွင်းများတည်ရှိရာ ရွာအနောက်မြောက်ပိုင်းတွင် နေထိုင်ကြသည်။

ရွာ၏လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ စက်ရေတွင်း၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ ရွာတွင်းလမ်းများ၊ရွာအဝင်တံတား စသည်တို့ကို ပြုပြင်ထိန်းသိမ်းရန် လိုအပ်နေပါသည်။

**၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**



ဥစ္စာဓန ကြွယ်ဝမှု ပုံစံပြ ဇယား (အေးချမ်းသာကျေးရွာ)


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်၊ ဆိုင်ကယ်၊ ကွန်ဒေါင်း၊ TV၊ လယ်၊ ဆန်စက်၊ ၅၀ ဧကအထက် | ၂ | ၁% |
| ပြေလည် | ပျဉ်ထောင်၊ လယ်၊ ၁၀ ဧကအထက်၊ ကွန်ဒေါင်း | ၇၁ | ၃၃% |
| လက်လုပ်လက်စား | [illegible]၊ ရေလုပ်ငန်း | ၁၁၂ | ၅၂% |
| အလယ်အလတ် | ပျဉ်ထောင်၊ ဈေးသည်၊ ရေလုပ်ငန်း | ၃၁ | ၁၄% |
| စုစုပေါင်း | | (၂၁၆) အိမ်ထောင်စု | (၁၀၀)% |


**သုံးသပ်ချက်**

ချမ်းသာ၊ပြေလည်၊လက်လုပ်လက်စား၊ အလယ်အလတ်၊ ဟူ၍ လူမှုအဆင့် (၄)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ်-၅၀၊ ဧကအထက်၊ ၊ TV၊ ဆိုင်ကယ်၊ဆန်စက်၊ကွန်ဒေါင်းစသည်တို့ရှိသော အိမ်ထောင်စုမှာ(၂)စုနှင့် (၁)% ရှိပြီး၊ ပြေလည်အဆင့်မှာ ပျဉ်ထောင်အိမ်၊ လယ်(၁၀၊ အေးချမ်းသာကျေးရွာ)ဧကအထက်၊ ကွန်ဒေါင်း စသည်တို့ရှိသော အိမ်ထောင်စု (၇၁)စုနှင့် (၃၃)% ရှိပြီး၊ လက်လုပ်လက်စား အနေနဲ့ အိမ်ထောင်စု (၁၁၂)စု၊ (၅၂)%ရေလုပ်ငန်းကိုသာလုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်၊ ဈေးသည်၊ ရေလုပ်ငန်း၊ ဆိုင်ကယ် လယ်အနည်းငယ် လုပ်ကိုင်ကြပြီး အိမ်ထောင်စုမှာ (၃) စုနှင့် ရာခိုင်နှုန်းမှာ (၁၄%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာအတွင်း နွမ်းပါးရခြင်းမှာ လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းမရှိဘဲ နေ့စားကျပန်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပညာအရည်အချင်းနည်းပါးရခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်





**သုံးသပ်ချက်**

**အေးချမ်းသာကျေးရွာသည် ရေလုပ်ငန်းကို ဦးစားပေးလုပ်ကိုင်နေသော ကျေးရွာဖြစ်ပါသည်။**

**ရေလုပ်ငန်း** - မျှောပိုက်၊ ဘဂင်းပိုက်၊ ကျားပိုက်၊ကသပေါင်းပိုက်၊ ဂဏန်းပိုင် စသည့်လုပ်ငန်းများကို တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် လုပ်ကိုင်ကြသည်။ ပုဇွန်ပိုက်ကို သီတင်းကျွတ်လမှ တပေါင်းလ အထိ၊ ငါးသလောက်ပိုက်လုပ်ငန်းကို ဂါခေါင်လမှ ပြာသိုလအထိ လုပ်ကိုင်ကြသည်။

**ရေယာဉ်လုပ်ငန်း** - ကဆုန်လမှ ဂါခေါင်လအထိ (အေးချမ်းသာ-မင်္ဂလွန်း) ရေယာဉ်လုပ်ငန်း ကို လုပ်ကိုင်ကြသည်။

**စိုက်ပျိုးရေး** -စပါးကို နယုန်၊ ဂါဆို၊ ဂါခေါင်လတို့တွင် ထွန်ယက် စိုက်ပျိုးပြီး တန်ဆောင်မုန်းလ တွင် ရိတ်သိမ်းသည်။ ပဲတီစိမ်း၊မတ်ပဲတို့ကို နတ်တော်လတွင် စိုက်ပြီး တပို့တွဲလတွင် ခူးသည်။

**မွေးမြူရေး** - ဆိတ်၊ ဘဲ၊ ဂက်၊ ကြက် စသည်တို့ကို တစ်နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် မွေးမြူသည်။

**အပ်ချုပ်စက်လုပ်ငန်း - (၁)**နှစ်ပတ်လုံး တစ်နိုင်တစ်ပိုင် အပ်ချုပ်လုပ်ငန်း လုပ်ကိုင်ကြသည်။

**ကယ်ရီလုပ်ငန်း** - ဆိုင်ကယ်၊ထော်လာဂျီ စသည်တို့ကို ပွင့်လင်းရာသီများတွင် လုပ်ကိုင်ကြသည်။

**ပွဲတော်လများ** - တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ တပေါင်းလတွင် ကျေးရွာ ဘုရားပွဲတော်တို့ရှိပါသည်။

**ဝင်ငွေ** - ဝင်ငွေအသင့်အတင့်ရှိသော်လည်း နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဂင်ငွေမှာ နည်းပါးပါသည်။

## ၄။ ဗင်းပုံစံနှင့် သုံးသပ်ချက်





### သုံးသပ်ချက်

ကျေးရွာအတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူးနှင့် ပြည့်သူစစ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတအဖွဲ့ ပညာရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့တို့သည် ကျေးရွာလူထုနှင့် ထဲထဲဝင်ဝင်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပညာရေးမြှင့်တင်မှု၊ ဘာသာရေး၊ သာရေးနာရေး၊ ကျန်းမာရေးတို့တွင် ပူးပေါင်း ဆောင်ရွက်ကြပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီး များ၏ အခက်အခဲများကို ဖြေရှင်းပေးပါသည်။ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့ တို့သည်လည်း ရွာ၏ အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သော မြို့နယ်ထွေအုပ်၊ မြစိမ်းရောင်အဖွဲ့၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကျန်းမာ ရေးဌာန၊ မြို့နယ်မီးသတ်ဌာန၊ ပညာရေးဌာနများသည်လည်း၊ ကျေးရွာ အဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီး တွင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ ပင့်ကူအိမ် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့် -** အေးချမ်းသာကျေးရွာအတွင်း ဆုံးဖြတ်ချက်များချရာတွင် အမျိုးသမီးများက အမျိုးသားများထက် ပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကို တွေ့ရှိရပါသည်။

**လုံခြုံမှု** - အမျိုးသမီးများသည် အမျိုးသားနှင့် နှိုင်းယှဉ်ကြည့်သော် လုံခြုံမှုပိုင်းတွင် အားနည်းနေသည်ကို တွေ့ရှိရပါသည်။


**အိမ်မှုကိစ္စဆောင်ရွက်မှု** - အမျိုးသမီးများသည် အိမ်မှုကိစ္စတွင် အမျိုးသားများထက် ပိုမိုဆောင်ရွက်နေရသည်ကိုတွေ့ရသည်။


**ပညာရေး** - အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးတွင်ပိုမို သင်ကြားခွင့် ရရှိသည်ကို တွေ့ရှိရပါသည်။

**အဖွဲ့အစည်းများတွင်ပါဝင်ခြင်း-** အမျိုးသမီးများသည် အမျိုးသားများထက် အဖွဲ့အစည်းများတွင် ပိုမို ပူးပေါင်းပါဝင် လုပ်ကိုင်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါသည်။

**လူမှုရေး၊ဘာသာရေး** - လူမှုရေး၊ဘာသာရေး၊စီးပွါးရေး စသည်တို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို ဦးစီးဦးဆောင် လုပ်နေသည်ကို တွေ့ရှိရပါသည်။

## ၆။ အရင်းအမြစ်ထိန်းချုပ်မှု၊ သုံးစွဲမှု နှင့် သုံးသပ်ချက်





## သုံးသပ်ချက်

**ထိန်းချုပ်မှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စာသင်ကျောင်း၊ ချောင်း၊ ပင်လယ်၊ စာကြည့်တိုက်၊ ဆိုင်ကယ်၊ လယ်၊ ဆန်စက်၊ ရိတ်သိမ်းစက်၊ ထော်လာဂျီ၊ စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊ သားဖွားဆေးခန်း စသည်တို့အား အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးထိမ်းချုပ်ထားသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်းစသည် တို့ကို ထိန်းချုပ်ထားပါသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ချောင်း၊ ပင်လယ်၊ လယ်၊ ဆန်စက်၊ ရိတ်သိမ်းစက်၊ ထော်လာဂျီ၊ စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်၊ သားဖွားဆေးခန်း စသည်တို့အား အမျိုးသမီးများသာ အသုံးပြု၍၊ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း စာကြည့်တိုက်၊ ရေတွင်းရေကန်၊ ဆိုင်ကယ် စသည်တို့ဖြစ်ပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ယုံကြည်ချက်များနှင့် ဆန္ဒများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပေးလိုကြောင်း ပြောကြားခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသား

များမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက်အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား | √ | | |

| | | | | |
|---|---|---|---|---|
| | အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



မဲပေး ရွေးချယ်ခြင်းမှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲမပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဇော်မင်းနိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခိုင်သဇင်ဦး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဒေါ်အေးယုမော် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးသိန်းမိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးကျော်လွင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးသန်းဆွေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်အေးအေးစိုး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးသိန်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဒေါ်ကြည်သန်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်အေးအေးသင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဦးဆန်းလင်းအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးတင်အောင် | ကျား | ဂေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ဂင်းစိန် | မ | ဂေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးအောင်အောင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်ဆန်းဆန်းနွယ် | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးတင့်နိုင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၆) ယောက်    ကျား-(၉) ယောက် +မ(၆) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဒေါ်ခိုင်သဇင်ဦး    ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
ဦးဇော်မင်းနိုင်    ဘဏ္ဍာရေးဆပ်ကော်မတီစာရင်းကိုင်
ဦးဂင်းမင်းထွန်း    ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ရန်နောင်ဂင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၄ /၂ /၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | ၀၉.၇၈၈၂၀၇၅၇၇ | [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၈၁ | ဘာသာ (၁) ဗုဒ္ဓ | ၁၈၁ |
| လူမျိုးစု (၂) ဟိန္ဒူ | ၃၅ | ဘာသာ (၂) ဟိန္ဒူ | ၃၅ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၄၂၉ | ၃၇၄ |
| လူမျိုးစု (၁)-ဗမာ--- | ၄၀၂ | ၃၅၀ |
| လူမျိုးစု (၂)-ဟိန္ဒူ- | ၂၇ | ၂၄ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၄၀ | ၂၆ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>[illegible]လယ်တန်းခွဲ | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်** **ဝိုင်းပါ**

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — (၇) မိုင် မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် (၄၀) မိနစ် ---------------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂:၃၀ --------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြစိမ်းရောင်---

(၂) ---ရပ်မိရပ်ဖ---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးတင်နိုင် | |
| | လက်မှတ် | နေ့စွဲ ၆.၂.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဦးရန်အောင်ဝင်း | |
| | လက်မှတ် | နေ့စွဲ ၆.၂.၂၀၁၇ |

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | |
|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် | | |
| နေ့စွဲ ၄.၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ကရင် | မြို့နယ် ကော့ကရိတ် ကျေးရွာအုပ်စု မင်္ဂလာ | ကျေးရွာ နေးချမ်းသာ |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ညအချိန် ကလေးများ စာကျက်ရန် မီးအလင်းရောင် မပြည့်စုံခြင်း | ၁ | ကလေးများအတွက် စာသင်ကျောင်းဆောင် မလုံလောက်ခြင်း။ |
| ၂ | မိုးတွင်း သွားလာရန် ဆက်သွယ်မှု မကောင်းခြင်း | ၂ | ညအချိန် ကလေးများ စာကျက်ရန် မီးအလင်းရောင် မရှိခြင်း။ |
| ၃ | ကလေးများအတွက် စာသင်ကျောင်းဆောင် မလုံလောက်ခြင်း။ | ၃ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။ |
| ၄ | ကျန်းမာရေးအတွက် သောက်သုံးရေကန်၊ ရေတွင်းများ မပြည့်စုံခြင်း။ | ၄ | မိုးတွင်းရာသီ နယ်စုဈေးရွာသို့ သွားလာရန် ဆက်သွယ်မှု မကောင်းခြင်း။ |
| ၅ | အရေးပေါ် လူနာများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း | ၅ | ကျန်းမာရေးအတွက် သောက်သုံးရေကန်၊ ရေတွင်းများ မပြည့်စုံခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အိမ်စုံ ဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်မီး အလင်းရောင် ရရှိရန်။ | ၁ | ကျေးရွာတွင် စာသင်ကျောင်းဆောင်များ ပြည့်စုံစွာ ရှိရန်။ |
| ၂ | အိမ်စုံ ဖွံ့ဖြိုးတိုးတက်ရန် ဆက်သွယ်ရေး အဆင်ပြေ ကောင်းမွန်လာစေရန်။ | ၂ | လျှပ်စစ်မီး ရရှိရန်။ |
| ၃ | ကလေးသူငယ်များအတွက် စာပေသင်ကြားခွင့်များ ပိုမိုပြည့်စုံစေရန် ကျောင်းဆောင် ပြည့်စုံစေရန် | ၃ | အသေးစား အထည်ချုပ် လုပ်ငန်းများ ဖြစ်စေလို။ |
| ၄ | သောက်ရေ၊ သုံးရေ လုံလောက်စွာ ရရှိစေရန်။ | ၄ | အိမ်စုံ ဖွံ့ဖြိုးတိုးတက်ရန် ဆက်သွယ်ရေး အဆင်ပြေ ကောင်းမွန်လာစေရန်။ |
| ၅ | ကျန်းမာရေးအတွက် အရေးပေါ် လူနာတင် ယာဉ်များ ရရှိရန်။ | ၅ | သောက်ရေ သုံးရေ လုံလောက်စွာ ရရှိစေရန်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁. | နေးချမ်းသာ-မင်္ဂလာ ကျေးရွာချင်း ဆက်လမ်း | (က+မ) | | ၈၀၃ |
| ၂. | စာသင်ကျောင်းဆောင် ပြင်ဆင်ခြင်း | (က+မ) | ၇၀၀၀၀၀၀ | ၈၀၃ |
| ၃. | ချမ်းမြေလမ်း ပြုပြင်ခြင်း | (က+မ) | ၁၀၈၀၀၀၀၀ | ၈၀၃ |
| ၄. | သောက်ရေတွင်း ရေလှောင်ကန် ပြုပြင်ခြင်း | (က+မ) | ၃၀၀၀၀၀၀ | ၈၀၃ |
| ၅. | သောက်ရေကန် ပြုပြင်ခြင်း | (က+မ) | ၁၀၀၀၀၀၀ | ၈၀၃ |
| ၆. | ချုပ်စက်ကြေး တိုးချဲ့ဖြစ်ခြင်း | (က) . | ၃၅၀၀၀၀၀ | ၈၀၃ |
| ၇. | စာကြည့်တိုက် တိုးချဲ့ခြင်း | (မ) . | ၅၀၀၀၀၀၀ | ၈၀၃ |
| ၈. | ကန်သာယာလမ်း ပြုပြင်ခြင်း | (က+မ) | ၁၀၀၀၀၀၀၀ | ၈၀၃ |

(က)

အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲ အကြောင်းအချက်များ၊

၆. အသုံးပြုရာတွင် အားရစရာကောင်း မရှိခြင်း။
၇. အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း။
၈. ကုန်ပစ္စည်းများ တင်ပို့ ရောင်းချနိုင်ရန် နည်းပညာနှင့် ဈေးကွက်ရှာဖွေမှု နည်းပါးခြင်း။
၉. ခေတ်ပညာများ ပေါက်ရောက်မှု ပျက်ကွက်နေခြင်း။
၁၀. မွေးမြူရေးနှင့် စားလုပ်ငန်း အသုံးအဆောင်ပစ္စည်းများ မပြည့်စုံခြင်း။
၁၁. ကလေးအဝေး ... ကျင့်ဝတ်ကျင့်နိုင်ရန် အဆောင် ခက်ခဲခြင်း။

အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲ အကြောင်းအချက်များ၊

၆. ကျန်းမာရေးစောင့်ရှောက်မှု မပြည့်စုံခြင်း။
၇. ခေတ်ပညာများ ပေါက်ရောက်မှု ပျက်ကွက်နေခြင်း။
၈. ရွာသူရွာသားများ ပညာသင်ရန် အခွင့်အရေး နည်းပါး မပြည့်စုံခြင်း။
၉. အရေးပေါ်လူနာများ သယ်ယူပို့ဆောင်ရန် ခက်ခဲခြင်း။
၁၀. အသုံးပြုရာတွင် အားရစရာကောင်း မရှိခြင်း။
၁၁. မွေးမြူရေးနှင့် စားလုပ်ငန်းအသုံးအဆောင် ပစ္စည်းများ မပြည့်စုံခြင်း။

(ခ)

အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ၊

၆. အသုံးပြုရာတွင် ရေဖြန့်ဖြူးမှုများ ကောင်းမွန်စွာ ရယူနိုင်ရန် အားရစရာကောင်း ရရှိရန်။
၇. ကုန်ပစ္စည်းများ အရည်အသွေး ပြည့်စုံစွာ တင်ပို့ရောင်းချနိုင်ရန် နည်းပညာနှင့် ဈေးကွက်ရှာဖွေ ထောက်ပံ့မှု ရရှိရန်။
၈. သာသနာတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေလို ခေတ်ပညာများ ပြန့်လည်း ပြန့်ပွားတည်ထောင် နိုင်စေလို။
၉. မွေးမြူရေးသုံးနှင့် စားလုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံလာစေလို။

အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ၊

၆. ကျန်းမာရေးအတွက် အရေးပေါ်လူနာတင် ယာဉ်များ၊ ဆေးဝါးများ ပြည့်စုံစွာ ရရှိချင်။
၇. ခေတ်ပညာနှင့် သာသနာ အစဉ်အလာ ... များ ရေရှည်တည်တံ့မှု ရှိစေလို။
၈. ရွာသူရွာသားများ ပညာသင်ကြားမှု တိုးမြှင့်စေလို အကြံဉာဏ်နှင့် အလုပ်အကိုင်များ ဖြစ်စေလို။
၉. သွားလာရန်တွင် လမ်းတံတား ကောင်း ရရှိရန်။
၁၀. မွေးမြူရေးသုံးနှင့် စားလုပ်ငန်းသုံးပစ္စည်းများ ပြည့်စုံမှု ဖြစ်လာစေလို။

(ဂ) လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတက်မြှင့် လုပ်ငန်းများ။

(ဃ) လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးရေး တက်မြှင့်လုပ်ငန်းများ။

(၇) အသေးစား အသေးစိတ်ချုပ်လုပ်ငန်း လုပ်ကောင်ခြင်း (မ)
(၈) မွေးမြူရေးနှင့် စားလုပ်ငန်းသုံး ပစ္စည်းများထောက်ပံ့ပေးခြင်း (က+မ)
(၉) ကျန်းမာရေးအတွက် အရေးပေါ်ကား (က+မ)
(၁၀) ကျန်းမာရေးအတွက် အရေးပေါ်ရေယာဉ် (က+မ)

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁. | ချုပ်စက်ဖော်. | (က+မ) | |
| ၂. | သုသာန်ဇရပ် တည်ဆောက်ခြင်း. | (က+မ) | |
| ၃. | ဂလယ်ကာဗွ[illegible] မြဲဒိတင်ခြင်း. | (က+မ) | |
| ၄. | ခေတ်ပုံထိုးများ ပြုပြင်ခြင်း | (က+မ) | |
| ၅. | [illegible] | (က) | |
| ၆. | မူကြိုကျောင်းသစ်တည်ဆောက်ခြင်း. | (က) | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦးကျော်မြင့်ဦး လက်မှတ်- [signature] နေ့စွဲ- ၆.၂.၂၀၁၇

လူထုပဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ငနားရှမိုသာရကျေးရွာ |
| ကျေးရွာအုပ်စု | မင်္ဂလွန်းကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂.၂.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | လူထုပဟိုပြုစီမံကိန်း၏ကျေးရွာပထမအကြိမ် စီမံကိန်းမိတ်ဆက် အစည်းအဝေး။ |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၈၆)ဦး ၊မ ( ၃၀ )ဦး= (၁၁၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုပဟိုပြုစီမံကိန်းအား ဖိတ်ခေါ်သိရှိလိုသည့်အချက်၊ ကျေးရွာစေတနာ့ဝန်ထမ်း ရွေးချယ်ရန်။

ဆွေးနွေးချက်။ ။ ကျေးရွာခေါင်းဆောင် ဦးတင့်နိုင်မှ စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြောကြားသည်။ ထို့နောက် လူထုအခြေပြု မြို့ပြဖွံ့ဖြိုးရေးအဖွဲ့မှ ရွာသူရွာသားများ မိတ်ဆက်ပြီး စီမံကိန်း ခေါင်းစဉ်ပေါ်လာပုံ၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းရေးဝန်း၊ အဓိက တာဝန်ရှိသူများ အကြောင်းနှင့် ၎င်းတို့၏ဆောင်ရွက်ချက်ပုံများကို ရှင်းပြခဲ့သည်။ ထို့နောက် အမေးအဖြေများနှင့် မေးမြန်းပြောဆိုခဲ့ကြသည်။ စေတနာ့ဝန်ထမ်းရွေးချယ်မည်ဖြစ်သဖြင့် ရွာသူရွာသားများကို အဆိုပြုစေသည်။

ဆုံးဖြတ်ချက်။ ။ ကျား(၁)၊ မ(၁) ရွေးချယ်မည်။ (၃)ဦးမှ အဆိုပြုပေးရန် ပြောပေးသည်။ (၃)ဦး အဆိုပြုရာမှ မဲပေးရွေးချယ်ရာ ဦးအောင်အောင်နှင့် ဒေါ်စန်းစန်းနွယ် ကို ကျေးရွာလူထု အနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်နိုင်ခဲ့သည်။ ထို့နောက် စေတနာ့ဝန်ထမ်းအား

“ ကောင်းမြတ် ၊ ကျောင်းတော်ကိုကို ပြောကြားခဲ့ပါသည် ။

သဘောထားမှတ်ချက် ။ “ စေတနာ့ ဝန်ထမ်းများကို မဲပေး ရွေးချယ်ရာတွင်
ရွာသူ ရွာသားများ၏ သဘောထားမှတ်ချက်ဖြင့် [illegible]
ဦးဆောင်ကောင်း [illegible]
တို့ကို ကြားလို့ သဘောတူညီစွာ ရွေးချယ်ခဲ့ပါသည် ။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - ဦးလှမြင့်ဝေ

ရာထူး - [illegible]

လူထုဖယ်ပိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ဧရာချမ်းသာကျေးရွာ

ကျေးရွာအုပ်စု မင်္ဂလှုန်းကျေးရွာအုပ်စု

အစည်းအဝေးပြုလုပ်သည့်နေရာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ၄.၂.၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ကော်မတီဖွဲ့စည်းရေး

---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၄၃ )ဦး ၊မ (၇၈ )ဦး= (၁၂၁) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

အမျိုးသား၊ အမျိုးသမီးများ၏ အသက်အခွဲများ၊ မြော်မှန်းချက်များကို သိရှိစေရန်၊ ဦးစားပေး လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲမှု ကော်မတီများ ထွက်ပေါ်လာစေရန်။

ဆွေးနွေးချက် ။ ။ လူထုစည်းဝေးပွဲတွင် အမျိုးသား၊ အမျိုးသမီးများ၏ အသက်အခွဲ အလိုက်အသီးသီးများနှင့် မြော်မှန်းချက်များကို ဖော်ထုတ်ခဲ့ကြပါသည်။ မြော်မှန်းချက်များမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဦးစားပေး ရွေးချယ်ရန်နှင့် ထိုလုပ်ငန်းစဉ်များအား တာဝန်ယူ လုပ်ဆောင်နိုင်ရန် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီအား ရွေးချယ်မည်ဟု ဆွေးနွေးခဲ့သည်။ ထွက်ပေါ်လာသော လုပ်ငန်းစဉ်များအား ဦးစားပေးရွေးချယ်ခဲ့သည်။

ဆုံးဖြတ်ချက် ။ ။ ဦးစားပေးရွေးချယ်ရာမှ (၁) ဧရာချမ်းသာ - မင်္ဂလှုန်း ရွာချင်းဆက်လမ်း၊ (၂) စာသင်ကျောင်းဆောင် ပြင်ဆင်တိုးချဲ့ခြင်း၊ (၃) လျှပ်စစ်မီး လင်းရေး၊ (၄) သုံးသောက်ရေ ရေပုံ တည်ဆောက်ရေး၊ (၅) ကလေးတန်း ကလေး ပညာရေး မြှင့်တင်ခြင်း၊

ဆုံးဖြတ်ချက် ။ ၊ (၆) စေတီပုထိုးများ ပြုပြင်ခြင်း၊ (၇) ချမ်းမြေ့လမ်း ပြုပြင်ခြင်း၊
(၈) ကုန်းထိပ်မှ ကုန်းအောက်အထိ တံတိုင်း ကာရံချင်း နိုင်ငံ ပညာ
ဆောက်ပေးမှု၊ (၉) ခတ်ရေတွင်း ရေမြောင်းကန် ပြုပြင် တိုးချဲ့ခြင်း၊
(၁၀) ဆောက်လုပ်ဆဲ ရေကန် ပြန်လည် ပြုပြင်ခြင်း၊ (၁၁) မူကြိုကျောင်း
တည်ဆောက်ခြင်း၊ (၁၂) ကလေးများ ကစားကွင်း လုပ်ငန်း ၊
(၁၃) ချမ်းမြေ့ဘက်ကား ဂိတ်နှင့် ပြင်ဆင်ပြုပြင်ခြင်း၊ (၁၄) ဓာတ်ကြိုးတိုက်
တိုးချဲ့ခြင်း၊ (၁၅) မွေးမြူရေးဇုန် ရေလုပ်ငန်းသုံး ပစ္စည်းများ
ဆောက်ပေးမှု၊ (၁၆) ကျေးလက် လူနာတင်ကား၊ (၁၇) ကန်သာယာ
လမ်း ပြုပြင်ခြင်း ၊ (၁၈) ကျေးလက် လူနာတင် ရေယာဉ် စသည်တို့ကို
ဖြင့် ကလုံလိုက် မဲပေး ဆုံးဖြတ်ခဲ့သည် ။ ထို့နောက် ဒီမံသိန့်ကြံမှ
ကမ္ဘာ့ကား မဲပေး ရွေးချယ်ရာတွင် ကျေးရွာ ဒီတောက်ပေါင်ဆောင်
ရွက် ဦးဇော်ထင်းဦး နှင့် ဒေါ်ခိုင်ယဉ်ရင်ဦး တို့ ရွေးချယ် ခံခဲ့ရသည်။

သဘောထားမှတ်ချက် ။ ။ ကျေးရွာ ဒီဖွံ့ဖြိုးမှု ကဏ္ဍ တွင် ဒေါ်ဂေါင်များ ကဖေ ဦးဇော်မင်းဦး
နှင့် ဒေါ်ခိုင်ယဉ်ရင်ဦး ၊ ဝယ်ယူရေး ဘဏ္ဍာ မကိုတွင် ဦးကျော်လွင်၊
ဒေါ်အေးယုဝေ၊ ဦးသိန်းမြို့၊ လယ်ပတ်တိုင်း ဖိုင်းရေး ဘဏ္ဍာ မကိုတွင်
ဒေါ်ကြည်သိန်း၊ ဒေါ်အေးအေးယင်၊ ဦးဆန်းလင်းဇော်၊ ဇော်ကြည်ကြီး၊
စပ်ရေးဘဏ္ဍာမကိုတွင် ဦးသိန်း၊ ဦးသန်းရွှေ နှင့် ဒေါ်အေးအေးစိုး၊
စောင့်ကကြပ် ကိုယ်စားလှယ်များ ကဖေ ဦးတင်ဇော်၊ ဒေါ်ဝင်းဝင်းကြိုင်၊
ငွေသာရက်ကိုင် ဆောင်ရွက် ဦးတင် နိုင်ထိုးကို မဲခွဲခြင်း ဖြင့် ရွေးချယ်
၍ သဘောတူညီချက်ဖြင့် ရွေးချယ်တင်မြှောက်နိုင်ခဲ့သည်။
ရွေးချယ်ခံရသူများ မှလည်း သဘောတူညီကြောင်း လက်မှတ်များ
ရေးထိုးခဲ့ပြီး အစည်းအဝေးကို နိဂုံးချုပ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် . [signature]

အမည် . ဦးဝင်းဇော်ဝင်း

ရာထူး . ရွာလူထုအသင်းအဖွဲ့ကျောင်း

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊